လက်ပံတောင်းတောင်အရေးနှင့်ပတ်သက်၍ မီဒီယာများနှင့် အင်တာဗျူးဖြေဆိုခဲ့သူများကို
တရားစွဲဆို ဂရမ်းထုတ်ပြန်ခြင်းအပေါ် ရှင်းလင်းကြေငြာချက်

ရက်စွဲ ဇွန်လ ၂၈ရက် ၂၀၁၃ခုနှစ်

ဇွန်လ ၁၃ရက် ၂၀၁၃ တွင်မုံရွာအမှတ်(၁) ရဲစခန်းမှ ဒုရဲအုပ်ခင်ဇော်လတ်၏ ဦးတိုက်လျှောက်ထားချက်အရ မုံရွာ တရားရုံးမှကိုဇေဦး၊ ကိုဇေမှူးသွင် ( ရန်ကုန်ပြည်သူ့အကျိုးဆောင်ကွန်ရက်) ကိုမိုးယံသွေး (Generation Wave) တို့ကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုရန်လက်ခံခဲ့ပြီး ဖမ်းဂရမ်းထုတ်ပြန်ခဲ့သည်ဟုသိရပါသည်။

ဖြစ်စဉ်မှာ ဧပြီလ ၂၅ရက် ၂၀၁၃နေ့တွင် ကြေးနီစီမံကိန်းအတွက်သိမ်းယူခံထားရပြီး ပုဒ်မ ၁၄၄ထုတ်ပြန်ထားသော ၄င်းတို့ပိုင် လယ်မြေများတွင် လယ်ယာလုပ်ငန်းများဝင်ရောက်လုပ်ကိုင်ရာမှ နယ်မြေရဲများနှင့် ပဋိပက္ခဖြစ်ပွားကာ ရွာသားအချို့နှင့် ကိုအောင်စိုးတို့ ဖမ်းဆီးခံခဲ့ရပါသည်။ ရွာသားတချို့မှာ ရိုက်နှက်ခံရသည့်ဒဏ်ရာများရရှိခဲ့ပြီး ရွာသားတဦးမှာ သေနတ်ဒဏ်ရာရခဲ့ပါသည်။ ယင်းကိစ္စဖြစ်ပြီး နောက်တနေ့တွင် ဒေသရဲတပ်ဖွဲ့မှ ရွာသားများနှင့် အကူအညီပေးသူများကို ဖမ်းဂရမ်းများထုတ်ပြန်ပြီး ကျေးရွာများအတွင်းဝင်ရောက်ရှာဖွေ ဖမ်းဆီးမည်ဟု ကြေငြာခဲ့ပါသည်။ ထိုသို့သောအခြေအနေများကြောင့် ဒေသခံရွာသူရွာသားများမှာ စိုးရွံ့ထိတ်လန့်နေခဲ့ကြပြီး၊ ရဲတပ်ဖွဲ့မှ ဝင်ရောက်ဖမ်းဆီးပါက ပြန်လည်ခုခံခြင်းများဖြစ်ပွားနိုင်သည့်အခြေအနေတွင်ရှိနေခဲ့ပါသည်။

ဒေသခံပြည်သူများနှင့် အာဏာပိုင်များအကြား ထိုသို့တင်းမာမှုများရှိနေပြီး မလိုလားအပ်သည့် ပဋိပက္ခများထပ်မံဖြစ်ပေါ်မလာရေးအတွက် ကိုအောင်သူ (၈၈မျိုးဆက်) ကိုဇေဦး၊ကိုဇေမှူးသွင် (ရန်ကုန်ပြည်သူ့ အကျိုးဆောင်ကွန်ရက်)နှင့် ကိုမိုးယံသွေး (Generation Wave) တို့ ၄ဦးသည် ဒေသအတွင်း ညှိနှိုင်းဆောင်ရွက်သွားရန်မေလ ၈ရက် ၂၀၁၃နေ့တွင်မုံရွာမြို့သို့ထွက်ခွာခဲ့ပါသည်။ ထိုသို့ သွားရောက်ညှိနှိုင်းမည့် အကြောင်းကိုလည်း သက်ဆိုင်ရာအာဏာပိုင်များသို့ ကြိုတင်အကြောင်းကြားထားခဲ့ပါသည်။ မုံရွာမြို့မှ အထူးသတင်းတပ်ဖွဲ့မှူးကလည်း သတင်းတပ်ဖွဲ့ရုံးသို့ ခေါ်ယူစစ်ဆေးပြီး လာရောက်ရသည့်အကြောင်းရင်းကို အသေးစိတ်မေးမြန်းခဲ့ပါသည်။

မုံရွာမြို့တွင်ရှိနေစဉ်ဒေသခံ သတင်းမီဒီယာတချို့မှ ခရီးစဉ်အကြောင်းအင်တာဗျူးပြုလုပ်လိုသည်ဆိုသဖြင့် ကျနော်တို့ ၃ဦး (ကိုဇေဦး၊ ကိုဇေမှူးသွင်နှင့် ကိုမိုးယံသွေး) က မုံရွာမြို့ ပင်လုံလက်ဖက်ရည်ဆိုင်တွင် သတင်းထောက်များ၏မေးခွန်းများကို ဖြေကြားပေးခဲ့ပါသည်။ ထိုသို့ အင်တာဗျူးဖြေကြားနေချိန်တွင် သတင်းထောက်ဟုယူဆရသူများထဲမှ တယောက်က ဗီဒီယိုမှတ်တမ်းရိုက်ကူးသွားခဲ့ပါသည်။မုံရွာအမှတ်(၁) ရဲစခန်းမှ ဒုရဲအုပ်ခင်ဇော်လတ်၏ပြောကြားချက်အရ ယခုခဲ့သို့ ကျနော်တို့ကိုတရားစွဲဆိုခြင်းမှာ ထိုအင်တာဗျူးတွင်ပါဝင်သော လက်ပံတောင်း ဒေသအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုခဲ့သောကြောင့်ဖြစ်သည်ဟု သိရပါသည်။

အထက်ဖော်ပြပါအချက်အလက်များအရ ကျနော်တို့သည် နိုင်ငံ့အရေး ပြည်သူ့အရေးနှင့်ပတ်သက်သော မိမိတို့၏ ထင်မြင်ယူဆချက်များကို သတင်းမီဒီယာသို့ ဖြေကြားခဲ့ရုံမျှဖြင့် ထောင်ဒဏ်(၂)နှစ်ထိချမှတ်နိုင်သော ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုဂရမ်းထုတ်ပြန်ခံထားရသည်ကို ဂမ်းနည်းဖွယ်ရာသိရှိရပါသည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်တကွ နိုင်ငံရေးခေါင်းဆောင်များက လူ့အခွင့်အရေးနှင့်ဒီမိုကရေစီထွန်းကားသော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေး အတွက် ပြုပြင်ပြောင်းလဲမှုများကို နေ့မအားညမနား အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေသော ယခုကာလတွင် တက်ကြွလှုပ်ရှားသူများအား မီဒီယာအင်တာဗျူးတခုကြောင့် ဖမ်းဆီးထောင်ချရန် တရားစွဲဆိုခြင်းသည် အနုတ်လက္ခဏာဆောင်သော လုပ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံအရေးပြည်သူ့အရေး ကိစ္စရပ်များအပေါ် ဝေဖန်ထောက်ပြပြောဆိုခြင်းသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏အမြင်များဖြင့် ပါဝင်အားဖြည့်ကူညီရန်သာရည်ရွယ်ပါသည်။ ယခုကဲ့သို့ တရားစွဲဆို ဖမ်းဆီးမှုများကသည် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ဟန့်တားခြင်းဖြစ်ရုံသာမက နိုင်ငံတကာက ချီးမွမ်းဂုဏ်ပြုနေသော မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်နစ်နာစေမည်ဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာရဲတပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် အစိုးရအဖွဲ့တို့ အနေဖြင့် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ကန့်သတ်မှုမရှိပဲ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခရီးကို ပြည်သူနှင့်လက်တွဲကာ ချီတက်သွားစေလိုကြောင်း လေးစားစွာ တိုက်တွန်းအပ်ပါသည်။

ကိုဇေဦး၊ ကိုဇေမှူးသွင် (ရန်ကုန်ပြည်သူ့အကျိုးဆောင်ကွန်ရက်) ကိုမိုးယံသွေး (Generation Wave)